# ဗုဒ္ဓကိုယ်တော်တိုင် တရားနာကြားခြင်း

အခါတစ်ပါး၌ ဘုရားရှင်သည် နန္ဒမထေရ်တရားဟောနေသော နေရာသို့ရောက်ရှိရာ ရပ်လျှက်ပင်တရားကိုနာ ကြားတော်မူလေ၏။ ညဉ့်သုံး ရံကာလပတ်လုံး တရားနာကြားပြီးသောအခါ သာဓုခေါ် ဆိုတော်မူ၏။ နန္ဒမထေရ် သည်ထိုသို့ရပ်လျက်တရားနာကြားနေသော ဘုရားရှင်အားမြင်သော် လာရောက်ကာလက်အုပ်ချီမိုးရှိခိုးလျက် ဘုရားရှင်အား ဤသို့လျှောက်ထား၏။ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား... အရှင်ဘုရားသည်အလွန် နူးညံ့သိမ်မွေ့ခြင်းရှိတော်မူပါလျက် လွန်စွာပြုနိုင်ခဲသောအမှုကိုပြုတော်မူပါပေစွ။" ဟူ၍ဖြစ်၏။ ထိုအခါဘုရား ရှင်က နန္ဒမထေရ်အားမိန့်ကြားတော်မူသည်မှာ- "အို ချစ်သားနန္ဒ... သင်သည်တစ်ကမ္ဘာပတ် လုံးတရားဟော ခြင်းငှာစွမ်းနိုင်အံ့။ ငါဘုရားသည်လည်း ရပ်လျက်ပင်တစ်ကမ္ဘာ ပတ်လုံးတရားနာတော်မူအံ့။" ဟူ၍ မိန့်တော်မူ ခဲ့လေ၏။ တရားအလုံးစုံကို ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည်ပင်တရားနာကြားခြင်း အမှုကို ဤမျှ အလေးအနက် ထားသော် ပုထုဇဉ်တို့မှာမူ အဘယ်မှာလျှင် အလေးအနက် မထားဘဲနေသင့်ပါ မည်နည်း။ နားကိုအဘယ်သို့သော သဒ္ဒါရုံ(အသံ) ဖြင့်အလှဆင်ပါမည်နည်း။ နားကို အလှဆင်ရာ၌ ဓမ္မအသံဖြင့် သာအလှဆင်သင့်ပေ၏။ စာဖတ်သူ ပရိတ်သတ်တို့အား ကျွန်တော့်အနေဖြင့် အကြံပေးလိုခြင်းဖြစ်၏။ ဘုရားရှင်လက်ထက်က ဖားနတ်သားဝတ္ထုကို လူတိုင်ကြားဖူးကြပါမည်။ ဖာကလေးသည်ဗုဒ္ဓ၏ အသံတော် ကိုသာယာသောစိတ်ဖြင့် နာကြားနေချိန်

နွားကျောင်းသား၏တုတ်ဖြင့်သေဆုံးပြီး
နတ်ပြည်၌နတ်သားဖြစ်ရပေ သည်။ ထို့နောက်နတ်ပြည်မှ
မိမိ၏ဘဝဟောင်းကို ပြန်ကြည့်ပြီး ဗုဒ္ဓ၏တရားသံ
မဆုံးသေးခင်လူပြည်သို့ဆင်း ကာဆက်လတ်တရား
နာကြားခြင်းကြောင့်သောတာပန်တည်ခဲ့လေ၏။
တဖန် လက်ယာတော်ရံ အရှင်သာရိပုတ္တရာကိုယ်တော်ကြီး၏
တပည့်ရဟန်းငါးရာတို့သည်လည်းတစ်ခုသော
ဘဝမှာလင်းနို့ငါးရာဖြစ်ခဲ့ကြရာ ပဋ္ဌာန်းရွတ်ဆိုသောအသံကို
ကြည်နူးဝမ်းမြောက်မှုဖြင့် နာကြားခဲ့ဘူးသော
အထုံကြောင့်ကျွန်ုပ်တို့မြတ်စွာဘုရားလက်ထက်၌
အဘိဓမ္မာဆောင်ရဟန္တာငါးရာဖြစ်ခဲ့ကြပေသည်။
ကျွန်တော်တို့အနေဖြင့်
ယခုအချိန်အခါမှာဆရာတော်ကြီးများဟောကြားနေသောတရားေ
တာ်များအလွယ်တ ကူရရှိ နာကြားနေနိုင်သည်မှာအလွန်ပင်
ကံကောင်းပါသည်။ တရားကိုအရင်ဆုံးနာကြားမှသာ
မိမိသည်အမှား၊ အမှန်ကို ခွဲခြားသိမြင်နိုင်ပါသည်။
တရားနာရခြင်းကြောင့်...
၁။မကြားဘူးသောအကြောင်းအရာများကိုကြားရခြင်း၊
၂။ ကြားဘူးသောအကြောင်းအရာများကို ထပ်၍ရှင်းလင်းစွာ
နားလည်ရခြင်၊
၃။ ယုံးမှားသံသယဖြစ်နေသော အချက်များ၌ ယုံးမှားကင်းရခြင်း၊
၄။ အယူမှန်သမ္မာဒိဋ္ဌိကိုရခြင်း၊
၅။ သဒ္ဓါပညာတိုးပွား၍ စိတ်ကြည်လင်ခြင်း။
စသောအကျိုးတရားများကို လက်တွေ့ရရှိနိုင်ပါသည်။
စာဖတ်သူများသည်လည်းတရားတော်များကို နာကြားကာ

တရားတော်များအတိုင်း ကျင့်ကြံပွားများ၍ နိဗ္ဗာန်ကို
မျက်မှောက်ပြုနိုင်ကြပါစေ။....။
“ဓမ္မချမ်းသာတွေ့အောင်ရှာ အို၊ နာ၊ သေခြင်းကင်းစေသော်”